# သတင်းထုတ်ပြန်ကြေငြာချက်

ဝေမျှဖြန့်ဝေပေးပါရန် နှင့် ထုတ်ပြန်ကြေငြာပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါသည်

**Myanmar Community in Italy**
**“Giuseppe Malpeli” Italy - Burma Friendship Association**

## “မြန်မာ့နွေဦးတော်လှန်ရေး”

၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ ကြာသပတေးနေ့ | ညနေ ၄ နာရီ

Via Nazionale 66, ROME

ဧပြီလ ၁၃ ရက်နေ့ ကြာသပတေးနေ့ ညနေ ၄ နာရီအချိန်တွင် အီတလီနိုင်ငံ၊ ရောမမြို့၌ နွေဦးတော်လှန်ရေး၊ မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေး ပံ့ပိုးမှု တွေ့ဆုံဆွေးနွေးပွဲနှင့် ကရင်နီပြည်နယ် စစ်ဘေးရှောင်များအတွက် ရံပုံငွေပစ္စည်းရောင်းပွဲကို ပြုလုပ်ကျင်းပသွားမည် ဖြစ်ပါသည်။

စစ်အာဏာသိမ်းပြီး ၂ နှစ်ကျော်ကြာခဲ့သော်လည်း ဒီမိုကရေစီပြန်လည်ရရှိရန် ရဲရဲတောက်တော်လှန်နေကြသည့် မြန်မာပြည်သူများ၏ **“မြန်မာ့နွေဦးတော်လှန်ရေး”** ခေါင်းစဥ်ဖြင့် တွေ့ဆုံဆွေးနွေးပွဲကို Myanmar Community in Italy နှင့် “Giuseppe Malpeli” Italy - Burma Friendship Association တို့မှ ဦးဆောင်ကာ ၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက်နေ့ ကြာသပတေးနေ့ ညနေ ၄ နာရီ မှ ၆ နာရီထိ ပြုလုပ်ကျင်းပသွားမည်ဖြစ်သည်။ တွေ့ဆုံပွဲကို ရောမမြို့ Termini ဘူတာရုံမှ မိနစ်အနည်းငယ်သာ ကွာဝေးသော Via Nazioanle, 66 ရှိ Association For Rome ၏ ဟောခန်းမတွင်းပြုလုပ်သွားမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏လက်ရှိအခြေအနေများကို ဆွေးနွေးတင်ပြသွားရန်၊ လူထုခေါင်းဆောင် **ဒေါ်အောင်ဆန်းစုကြည်** ကို ပံ့ပိုးထောက်ခံရန်နှင့် ပြည်သူများ၏ မြန်မာ့ဒီမိုကရေစီအရေး ကြိုးပမ်းမှုများကို မီးမောင်းထိုးပြသွားရန် ဖြစ်သည်။ ကရင်နီပြည်နယ်၊ ဒီးမော့ဆိုမြို့နယ် စစ်ဘေးရှောင်များအတွက် လူသားချင်းဆိုင်ရာစာနာမှုအကူအညီများ ပံ့ပိုးပေးသွားရန်အတွက် ရံပုံငွေ ပစ္စည်းများနှင့် အစားအသောက်များကိုလည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အခမ်းအနားကို အီတလီရောက်မြန်မာတစ်ဦးဖြစ်သည့် **Hay Mar Soe** က နှုတ်ခွန်းဆက်ဖွင့်လှစ်ပေးကာ Alcide Cervi Institute ဥက္ကဋ္ဌ၊ Parliamentary Association of Friends of Burma ဥက္ကဋ္ဌဟောင်း **Albertina Soliani** မှ မိန့်ခွန်းပြောကြားသွားမည်ဖြစ်သည်။ ထို့နောက် Catholic University of Milan မှ မြန်မာနိုင်ငံ တိုင်းရင်းသားပဋိပက္ခနှင့် တော်လှန်ရေးအင်အားစုများ အထူးပြုသုတေသီ **Andrea Castronovo** နှင့် ကရင်နီအမျိုးသားကာကွယ်ရေးတပ်ဖွဲ့ (KNDF) ဥက္ကဋ္ဌ၊ အမျိုးသားညီညွတ်ရေးအစိုးရ သံယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ဒု ဝန်ကြီး **Khun Bedu** မှ အွန်လိုင်းမှ ဆက်သွယ်မိန့်ခွန်းပြောကြားပေးမည် ဖြစ်သည်။ ဆက်လက်ပြီး အီတလီပြည်ထောင်စု လွှတ်တော်အမတ်၊ အပြည်ပြည်ဆိုင်ရာပါလီမန်အမတ်များ ပူးပေါင်းဆောင်ရွက်ရေး မြန်မာနိုင်ငံတာဝန်ခံ **Sandra Zampa** မှ မိန့်ခွန်းပြောကြားပေးကာ အခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးသည့် အီတလီရောက်မြန်မာတစ်ဦးဖြစ်သည့် **Virginia King** မှ အစီအစဥ်ကို ရုပ်သိမ်းပေးသွားမည်ဖြစ်သည်။ တွေ့ဆုံဆွေးနွေးပွဲသည် ဝင်ခွင့်အခမဲ့ဖြစ်ပြီး ကြိုတင်စာရင်းသွင်းစရာ မလိုပါ။ သတင်းအချက်အလက်များအတွက် info@amiciziaitaliabirmania.it သို့ မေးလ်ပို့ မေးမြန်းဆက်သွယ်နိုင်ပါသည်။

Ufficio Stampa Associazione per l’Amicizia Italia-Birmania Giuseppe Malpeli
alinovimichele@gmail.com | 3465837115